BURMESE




# အထူးကြီးကြပ်သူဌာနမှူး၏ ကျောင်းသားဝန်ဆောင်မှုများဆိုင်ရာ မိသားစု အကြံပေး ကောင်စီ (SSSFAC) ၏ အထွက်ရလဒ်များ။

## ကောင်စီအကြောင်း

DeKalb ကောင်တီကျောင်းခရိုင် (DCSD) အထူးကြီးကြပ်သူဌာနမှူး၏ ကျောင်းသားဝန်ဆောင်မှုများဆိုင်ရာ မိသားစု အကြံပေး ကောင်စီ (SSFAC) သည် ဘာသာစကားအမျိုးမျိုးပြောဆိုကြသည့် သင်ယူလေ့လာသူများ၏ မိဘများနှင့် အုပ်ထိန်းသူများ၊ ထို့ပြင် အထူးခြွင်းချက် ပညာရေး (Exceptional Education) ဝန်ဆောင်မှုများကို လက်ခံရယူလျက်ရှိသော ကျောင်းသားများ၏ မိဘများနှင့် အုပ်ထိန်းသူများ အစရှိသည်တို့ကို အတူတကွ ဆောင်ကြဉ်းပေးမည် ဖြစ်သည်။ ကောင်စီအဖွဲ့ဝင်များသည် အတူတကွ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်၍ မိဘများနှင့် ကျောင်းသားများ အားလုံးတို့၏ လိုအပ်ချက်များကို ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ကာ ကျောင်းသားဝန်ဆောင်မှုများဆိုင်ရာ ဌာနခွဲအတွင်းမှ အစီအစဉ်များသည် အောင်မြင်မှုရှိကြောင်း၊ ထို့ပြင် အရည်အသွေးမြင့်မားသော စာပေသင်ကြားမှု၊ ဘာသာစကား နှင့် ဂရိတ်အဆင့် ပညာရေး အောင်မြင်မှုများနှင့် ကိုက်ညီအဆင်ပြေအောင် ဆောင်ရွက်ထားသည့် သင်ရိုးအကြောင်းအရာ သင်ကြားပို့ချမှုများတို့ကို ထောက်ပံ့ပေးမှုရှိကြောင်း သေချာအောင်ဆောင်ရွက်သွားမည် ဖြစ်သည်။

## တာဝန်ခံယူချက်

ကျောင်းသားဝန်ဆောင်မှုများဆိုင်ရာ မိသားစု အကြံပေး ကောင်စီ (SSFAC) သည် DCSD နှင့် ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ အသံများ အားလုံးကို ကျွန်ုပ်တို့ ကြားသိ၍ လေးစားတန်ဖိုးထားမှုရှိကြောင်း သေချာစေရန် နစ်မြှုပ်အားထုတ်ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ဦးနောက်ဖြင့်တွေးတောကြံဆ အဖြေရှာခြင်းများမှတစ်ဆင့် ခရိုင်အတွင်းရှိ ဆက်သွယ်ဆောင်ရွက်မှုများ၊ သင်ရိုးညွှန်းတမ်းသို့ ဝင်ရောက်ရယူလေ့လာနိုင်မှု နှင့် လုပ်ငန်းစဉ်များ အစရှိသည်တို့ကို တိုးတက်ကောင်းမွန်လာစေဖို့ရန် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့ ရပ်ရွာအဖွဲ့အစည်းများအတွင်းမှ အသံများကို မြှင့်တင်ဆောင်ရွက်ပေးဖို့ရန် ဖြစ်သည်။ DCSD မိသားစုများ အားလုံးကို ကိုယ်စားပြုခြင်းဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့ ပါဝင်သက်ဆိုင်သူများ အားလုံး၏ နှလုံးသွေးခုန်နှုန်း အချက်အချာကို ကျွန်ုပ်တို့ စုပေါင်း ဖော်ထုတ်နိုင်ကြောင်း သေချာစေရန်ဌာ ကျွန်ုပ်တို့ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ခြားသူများနှင့်အတူ တစ်သမတ်တည်း ညှိနှိုင်းပါဝင်လုပ်ကိုင်ဆောင်ရွက်သွားဖို့ရန်မှာ ကျွန်ုပ်တို့၏ တာဝန် ဖြစ်ပေသည်။

## မည်သူများ ဝင်ရောက်ပါဝင်သင့်သနည်း။

ကောင်စီအနေနှင့် အောက်ဖော်ပြပါသော လက်ရှိ DCSD မိဘများနှင့် အုပ်ထိန်းသူများတို့ကို ဖိတ်ခေါ်ကြိုဆိုပါသည် –

- နေအိမ်သုံး အခြေခံဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကား မဟုတ်သူများ
- ESOL ဝန်ဆောင်မှုများ လက်ခံရရှိလျက်ရှိသော ကျောင်းသားတစ်ဦး၏ မိဘများနှင့် အုပ်ထိန်းသူများ
- ဖော်ပြပါတို့အပါအဝင် ဝန်ဆောင်မှုများ သို့မဟုတ် နေရာချစီစဉ်ဆောင်ရွက်ပေးမှုများကို လက်ခံရရှိလျက်ရှိသော မသန်စွမ်းကျောင်းသားတစ်ဦး၏ မိဘများနှင့် အုပ်ထိန်းသူများ – တစ်ဦးချင်း ပညာရေးအစီအစဉ် (IEP)/ပုဒ်မ 504

ခရိုင်၏ မဟာဗျူဟာမြောက်သော အစီအစဉ်ပန်းတိုင်များအား အသုံးပြု၍ အဖွဲ့ဝင်များသည် မိမိတို့ မိသားစု၏ ရှုထောင့်အမြင်များ၊ အတွေ့အကြုံများနှင့် လိုအပ်ချက်များတို့ကို မျှဝေကာ အစီအစဉ်ရေးဆွဲမှုများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ရန်၊ ခရိုင်နှင့် စာသင်ကျောင်း မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အရေးကိစ္စများ၊ ဥပမာဆိုရလျှင် ကျောင်းသားများ၏ ရလဒ်များကို တိုးတက်ကောင်းမွန်လာစေဖို့ရန် ရည်ရွယ်သည့် လှုပ်ရှားဆောင်ရွက်မှုများ၊ အစီအစဉ်များနှင့် မူဝါဒများတို့နှင့်စပ်လျဉ်းပြီး တုံ့ပြန်မှတ်ချက်များ ထောက်ပံ့ပေးဖို့ရန်၊ ထို့ပြင် ဆက်သွယ်ဆောင်ရွက်မှုများနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုများကို အားအင်ဖြည့်တင်းဖို့ အထောက်အပံ့ပေးရန် အစရှိသည်တို့အတွက် ခရိုင်အား အကူအညီပေးအပ်သွားမည် ဖြစ်သည်။

## ဗာကျူရယ် တွေ့ဆုံဆွေးနွေးပွဲ ယာယီသတ်မှတ်ထားသော ရက်စွဲများ –

- စက်တင်ဘာလ 16 ရက်၊ 2026
- နိုဝင်ဘာလ 11 ရက်၊ 2026
- ဖေဖော်ဝါရီ 10
- ဧပြီလ 14

## ဆန်ကာတင်အဆိုပြုမှုများ အချိန်မျဉ်းလိုင်း

**ဩဂုတ်လ 10 ရက်၊ 2026**
**အဆိုတင်သွင်းမှုအား စတင်ဖွင့်လှစ်မည်**

**ဩဂုတ်လ 28 ရက်၊ ညနေ 5:00 နာရီ**
**အဆိုတင်သွင်းမှုအား ပိတ်သိမ်းမည်**
အဆိုပြုခံရသူများသည် မိမိတို့အနေနှင့် ကော်စီ၌ တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားမှုရှိကြောင်း အတည်ပြုပေးရန်အတွက်ဌာ အီးမေးလ်တစ်စောင်အား လက်ခံရရှိကြမည် ဖြစ်သည်။

**စက်တင်ဘာလ 4 ရက်၊ 2026**
DCSD
ကျောင်းသားဝန်ဆောင်မှုများဆိုင်ရာ
မိသားစု အကြံပေးကောင်စီ
ထုတ်ပြန်ကြေငြာချက်

လျှောက်လွှာ လင့်ခ် – https://survey.sogolytics.com/r/MEto3j

DeKalb County School District